# “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တရုတ်မြန်မာမီဒီယာဆက်သွယ်မှုကို ပိုမိုခိုင်မာလာစေသည်

၂၀၁၅ ခုနှစ်မှ ယနေ့အချိန်ထိတိုင် မြန်မာသတင်းစာဆရာများ မွမ်းမံသင်တန်းသည် တရုတ်မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးအကျိုးတူပူးပေါင်း ဆောင်ရွက်ရေးအတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးခဲ့သည်။ ယခုနှစ်တွင် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပခြင်းကြောင့် ပြည်သူလူထုအချင်းချင်း စိတ်သဘောထားများ ပိုမိုနားလည်လာကြသည်။ အကျိုးအမြတ်များ မျှဝေခံစားခြင်းအယူအဆသည် တရုတ်မြန်မာမီဒီယာသမားများအကြား ဆက်သွယ်မှုကိုပိုမိုခိုင်မာလာစေသည်။ ၂၀၁၅ခုနှစ်မှ ယနေ့အချိန်ထိတိုင် မြန်မာသတင်းစာဆရာများမွမ်းမံသင်တန်းသည် တရုတ်မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်ကိုတည်ဆောက်ပေးခဲ့သည်။ ယခုနှစ်တွင် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပခြင်းကြောင့် ပြည်သူလူထုအချင်းချင်း စိတ်သဘောထားများ ပိုမိုနားလည်လာကြသည်။ အကျိုးအမြတ်များ မျှဝေခံစား ခြင်းအယူအဆသည် တရုတ်မြန်မာမီဒီယာသမားများအကြားဆက်သွယ်မှုကို ပိုမိုခိုင်မာလာစေည်။



## မျှဝေခြင်းသည် ကျွန်တော်တို့အား အတူတကွကြီးထွားစေသည်

“ယနေ့တွင် ကျွန်တော်တို့သည် ယူနန်နေ့စဉ်သတင်းစာ အုပ်စုအဖွဲ့သို့ သွားရောက်လေ့လာသည်။ တရုတ်နိုင်ငံမီဒီယာ၏ တိုးတက်ဖွံ့ဖြိုးခြင်းသည်ကျွန်တော့်အား အလွန်အံ့အားသင့်စေသည်။” မြန်မာနိုင်ငံသတင်းစာဆရာမွမ်းမံသင်တန်းမှ သင်တန်းသားက ယူနန်နေ့စဉ်စာအုပ်စုအဖွဲ့တွင် ခေတ်သစ်မီဒီယာခေါင်းစဉ်ဖြင့်သင်တန်းများကို လေ့လာသင်ယူနေသည်။ သင်တန်းမပြီးဆုံးသေးမီအချိန်တွင် မြန်မာနိုင်ငံMyanmar Globle News အယ်ဒီတာချုပ်အောင်ဇော်ဇော်ထွန်းက သူ၏ ဖေ့ဘုတ်အကောင့်ထဲတွင် ယူနန်နေ့စဉ်သတင်းစာအုပ်စုအဖွဲ့မှာ လေ့လာနေသော ဓာတ်ပုံများကိုတင်ခဲ့ပါသည်။

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-မြန်မာစီးပွားရေးစင်္ကြံသည် လန်ချမ်းမြစ်၊ မဲခေါင်မြစ်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနောက်ခံအောက်တွင် မြန်မာ-တရုတ်နှစ်နိုင်ငံ မီဒီယာသမားများသည် အကျိုးအမြတ်ဖြစ်ထွန်းမှုများ ရရှိရန် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်သင့်သည်ဟု အောင်ဇော်ဇော်ထွန်းကယူဆသည်။ ယူနန်နှင့် မြန်မာနိုင်ငံသည်ဆက်လျက်ရှိနေသည်။ အချက်အချာကျသော တည်နေရာအားသာ ချက်ရှိပါသည်။ တရုတ်မြန်မာနှစ်နိုင်ငံမီဒီယာ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုပေါင်းကူးတံတားကြီးဖြစ်သည်။ တရုတ်နိုင်ငံ အယ်ဒီတာက မွမ်းမံသင်တန်းသင်တန်းသားများ ယူနန်နေ့စဉ်သတင်းစာအုပ်စုအဖွဲ့သို့ သွားရောက်လေ့လာသည့် သတင်းကို မိနစ်ပိုင်းအချိန်အတွင်း ထုတ်ပြန်ပေးနိုင်ခဲ့သည်။ အောင်ဇော်ဇော်ထွန်းက ချက်ချင်းပင် သက်ဆိုင်ရာတာဝန်ရှိသူနှင့် အမည်ကဒ်လဲလှယ်ခဲ့သည်။ “တရုတ်နိုင်ငံသည် ခေတ်သစ်မီဒီယာအပိုင်းကဏ္ဍတွင် မြန်မာနိုင်ငံကို နည်းပညာများ ထောက်ပံ့ပေးနိုင်ခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ခေတ်သစ်မီဒီယာတိုးတက်ဖွံ့ဖြိုးမှု အတွေ့အကြုံများကိုမျှဝေပေးခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို အတူတည်ထောင်ခြင်းများ ဆောင်ရွက်ပေးနိုင်ရန် ကျွန်တော်မျှော်လင့်ပါသည်။”ဟု ပြောကြားသွားပါသည်။

“မျှဝေခြင်း”သည် မြန်မာသတင်းစာရာများ အကြိမ်ကြိမ်ပြောဆိုနေသော အယူအဆဖြစ်သည်။ ကူမင်းမြို့တွင် လမ်းတိုင်းတွေ့မြင်နေသော ဘုံသုံးစက်ဘီးများကိုတွေ့မြင်သည့်အခါတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း တွဲဖက်အတွင်းရေးမှူး လတ်လတ်စိုးသည်လည်း အတွေးများစွာရရှိခဲ့ပါသည်။ သူမ၏အမြင်တွင် မြန်မာတရုတ်၏အတူမျှဝေခြင်းသည် ပထမဦးစွာနှစ်နိုင်ငံ၏မီဒီယာသတင်းများကို မျှဝေပေးခြင်း၊ စင်မြင့်ကိုအတူမျှဝေခြင်း အထူးသဖြင့်အင်တာနက်မီဒီယာများမှတဆင့် ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအပိုင်းကဏ္ဍများတွင်အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကိုတွန်းအားပေးဆက်လက် ဆောင်ရွက်နိုင်သည်။ ထို့ပြင် နှစ်နိုင်ငံမီဒီယာ သင်ကြားရေးသည် အကျိုးတူမျှဝေခံစားခြင်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်သည်ဟု သူမကယူဆသည်။ ဥပမာ “ယူနန်၏တက္ကသိုလ်ကျောင်းများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် ထူးချွန်သူများ၊ သင်ကြားမှုများ၊ လမ်းကြောင်းများစသည့် အားသာချက်ကိုအတူမျှဝေခြင်းများ လုပ်ဆောင်ပြီးထူးချွန်သူမီဒီယာသမားများကို အတူမွေးမြူပေးနိုင်မည်ဖြစ်သည်။

## စုဆုံခြင်းသည် ကျွန်တော်တို့တတွေကို သိကျွမ်းခွင့်ရရှိစေသည်

“ကျွန်တော်တို့ထပ်ရောက်လာကြပြီ” ယခုအကြိမ် မွမ်းမံသင်တန်းစတင်မဖွင့်ခင်က မြန်မာနိုင်ငံ《Mandalay News Journal》မှ အယ်ဒီချုပ်ဦးဘဦးက သတင်းထောက်ထံသို့ သတင်းပို့လာသည်။

ဘဦးသည်လွန်ခဲ့သော(၁၀)နှစ်က ယူနန်နော်မန်တက္ကသိုလ်သို့ လာရောက်ပြီး ကွန်ပျူတာသင်တန်းကို တက်ရောက်ဖူးသည်။ ယမန်နှစ်က သူနှင့်သတင်းထောက်တို့သည် မြန်မာနိုင်ငံစာရေးဆရာများ၊ သတင်းထောက်များနှင့်အတူ ယူနန်သို့ လေ့လာရေးခရီးထွက်သည့်အခါတွင် သိကျွမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါမွမ်းမံသင်တန်းသို့ တက်ရောက်ခြင်းသည် သူ၏စတုတ္ထအကြိမ်မြောက် ယူနန်သို့ ရောက်ရှိခြင်းဖြစ်သည်။

“တရုတ်နိုင်ငံသို့ မရောက်ဖူးတုန်းက တရုတ်နိုင်ငံအကြောင်း သိပ်မသိပါဘူး။ လာတဲ့အကြိမ်များလာမှသာ သိကျွမ်းနားလည်လာတာတွေ များလာပါတယ်။ ဘက်စုံခြုံပြီးသိလာပါတယ်။” ဤသည်မှာဘဦး၏ ကိုယ်ပိုင်ခံစားချက်ဖြစ်သည်သာမက မန္တလေးသတင်းစာဆရာများအသင်းတာဝန်ခံသူ တစ်ဦးအနေနှင့်လည်း ခံစားရသည့်ခံစားချက်ဖြစ်သည်။

သိကျွမ်းခြင်းသည် အတားအဆီးမဲ့သော ချောမွတ်သောလမ်းကြောင်းများလိုအပ်သည်။ စာလုံးတစ်လုံးချင်းစီ၊ စကားတစ်ခွန်းချင်းစီအထိ အသေးစိတ်နားလည်မှုလည်း လိုအပ်သည်။

“ကျွန်တော်သည် လစဉ်လတိုင်း မြန်မာဘာသာစကားဖြင့် ထုတ်ဝေထားသော《မင်္ဂလာ》မဂ္ဂဇင်းထဲမှ တရုတ်နိုင်ငံယူနန်၏ အကြောင်းများစွာကိုသိရှိရပါသည်။” ၎င်းစကားကိုပြောဆိုသည့်သူမှာ မြန်မာနိုင်ငံသတင်းဌာနမှ ဝါရင့်သတင်းထောက် ဝင်းဝင်းမော်ဖြစ်သည်။ အဆိုပါ မွမ်းမံသင်တန်းထဲတွင် ဝင်းဝင်းမော်ကဲ့သို့သော《မင်္ဂလာ》“ချစ်သူ”များစွာပါရှိသည်။ 《မင်္ဂလာ》မဂ္ဂဇင်းထုတ်ဝေရေးဌာနသို့ သွားရောက်လေ့လာသည့်အခါတွင် ပညာရှင်ဆန်သောစာပေချစ်သူများလည်းဖြစ်သော သူများသည် မဂ္ဂဇင်းအယ်ဒီတာသတင်းထောက်များနှင့် ဆွေးနွေးဖလှယ်မှုများကိုလုပ်ဆောင်လာကြသည်။ မြန်မာနိုင်ငံစာဖတ်ပရိသတ်များက မည်သည့်ခေါင်းစဉ်များကို ကြိုက်နှစ်သက်ကြသည်။ စာစောင်အတွင်းရှိစကားလုံးများကို မည်သို့အသုံးပြုပါကမြန်မာပိုဆန်မည်။ စာလုံး၊ စာပိုဒ်ကြားအကွာအဝေးကို မည်သို့ထားလျှင်သင့်တော်မည်။ လက်တွေ့တွင် စာဖတ်သူများနှင့် သဘောထားများကိုမည်သို့ဖလှယ်နိုင်မည်နည်း။ ယခုဖလှယ် ဆွေးနွေးသည့် ခေါင်းစဉ်များသည်အလွန်များပြားပြီးလက်တွေ့ကျပါသည်။ မြန်မာနိုင်ငံ《Weekly Headline》အယ်ဒီတာချုပ်ထင်အောင်ကျော်ထက်က ထိုကဲ့သို့ပြောသည်။ တရုတ်နိုင်ငံသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အကြံပြုချက်ကို တွန်းဆော်သည့်အခါတွင် လမ်းကြောင်းတစ်လျှောက်နိုင်ငံများနှင့် ဆက်ဆံဖလှယ်မှုများကို အဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုအခြေအနေမျိုးမှာ《မင်္ဂလာမဂ္ဂဇင်းသည် ကောင်းမွန်သော ပြတင်းပေါက်တစ်ခုသဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ မီဒီယာများဖလှယ်ခြင်းမှတဆင့် အသေးစိတ်ကိစ္စရပ်များတွင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနှစ်နိုင်ငံအကြား အပြန်အလှန်သဘောထားနားလည်စေနိုင်မည်ဖြစ်သည်။



## ချိတ်ဆက်မှုခါးပတ်သည် ကျွန်တော်တို့တတွေကိုရင်းနှီးစေသည်

လက်တွေ့တွင် မြန်မာသတင်းထောက်များမွမ်းမံသင်တန်းသည် တရုတ်မြန်မာမီဒီယာများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုပေါင်းကူးတံတားကို ချိတ်ဆက်ပေးသည်သာမက များစွာသောသင်တန်းသားများက မြန်မာနိုင်ငံသို့ပြန်ရောက်သွားပြီးနောက် မိမိတို့နှင့်သက်ဆိုင်သော မီဒီယာဌာနများတွင် တရုတ်နိုင်ငံနှင့်သက်ဆိုင်သော သတင်းများကို အသီးသီး ဆက်လက်တင်ပြနေလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် မွမ်းမံသင်တန်းသို့ လာရောက်တက်ရောက်ကြသော မြန်မာသတင်းထောက်များသည် wechatကို သုံးတတ်သွားသည်။ ယခုအကြိမ်မွမ်းမံသင်တန်း မဖွင့်လှစ်ခင်ကတည်းက wechat groupကို တည်ထောင်ထားပြီးဖြစ်သည်။ groupထဲတွင် နေ့စဉ်နေ့တိုင်း စည်ကားနေပါသည်။

“မီဒီယာသည်လုပ်ငန်း နယ်ပယ်တစ်ခု၊ လူအုပ်စုတစ်စုကိုအကျိုးသက်ရောက်စေသည်သာမှုက လူမရေးအသိုင်းအဝိုင်းတစ်ရပ်လုံးကို အကျိုးသက်ရောက်စေသည်။ ”၂၀၁၅ခုနှစ်မှ ယခုအချိန်ထိတိုင်မီဒီယာသမား အယောက်(၆၀)သည် မြန်မာသတင်းထောက်များ မွမ်းမံသင်တန်းမှတဆင့် တရုတ်နိုင်ငံနှင့်ရေစက်ဆုံခဲ့ကြသည်။

နောက်နောင်တွင် မွမ်းမံသင်တန်းအကြောင်းနှင့် သက်ဆိုင်သောဖိုင်တွဲများသည် ပိုမိုများပြားလာမည်ဖြစ်သည်။ အထဲတွင်ရေးသားထားသော အကြောင်းအရာများသည်လည်း ပိုမိုကြွယ်ဝလာမည်ဖြစ်သည်။ တရုတ်မြန်မာမီဒီယာနှင့် နှစ်နိုင်ငံပြည်သူလူထု၏ ဆက်သွယ်မှုကဲ့သို့ ပိုမိုရင်းနှီးခိုင်မာလာမည်ဖြစ်သည်။

သတင်းထောက် - လျိုကျီယူ